# ရွှေဝါရောင် မှတ်တမ်းလေးတစ်ခု

(၃၀.၁၂.၂၀၁၉ တွင် ရေးသားသည်)

၂၀၀၇ စက်တင်ဘာ ၂၇ ရက် … အဲဒီနေ့မနက် အိပ်ရာက ပုံမှန်ပဲ နိုးလာတယ်။ Myanmar Egress Capacity Development Center မှာ သင်တန်းသွားတက်ရဦးမှာ ဆိုပြီး ခေါင်းထဲပေါ်လာသေးတယ်။ ပြီးမှ … မဟုတ်သေးပါဘူး၊ သင်တန်းက ဆန္ဒပြပွဲတွေကြောင့် ပိတ်ထားတယ်ဆိုတာ သတိပြန်ရသွားတယ်။ ဒါနဲ့ပဲ အိပ်ရာထဲ ခဏပြန်လှဲပြီး အဲဒီနေ့ ဘာလုပ်စရာရှိလဲဆိုတာ စဉ်းစားကြည့်လိုက်တယ်။

အဲဒီမှာ သူငယ်ချင်းတွေနဲ့ ဆူးလေဘုရားနားမှာ တွေ့ကြဖို့ သတိရမိတယ်။ ကျွန်တော်တို့ သူငယ်ချင်းတွေ ဆန္ဒပြတာတွေကို လိုက် လိုက်ကြည့်နေတာ ရက် နည်းနည်းရှိနေပြီ။ အစကတော့ ဘာမှ ထူးထူးခြားခြား မဟုတ်ဘူး။ ကိုယ် သင်တန်းတက်နေတဲ့ သမ္မတ ဟိုတယ်ရှေ့က နေ့တိုင်း ဖြတ်သွားတဲ့ လူအုပ်ကြီး ကို စိတ်ဝင်စားလို့ ဘေးက လမ်းလျှောက်ပြီး လိုက်ကြည့်တာ။ ရွှေဝါရောင်တော်လှန်ရေးဆိုတာလည်း မသိဘူး၊ ဓါတ်ဆီဈေးတက်လို့ ဘုန်းကြီးတွေ ဆန္ဒပြတယ်၊ နောက်ပိုင်း လူတွေပါ ဆန္ဒပြပွဲမှာ ပါလာပြီး အကြီးကြီး ဖြစ်လာတယ်၊ ဒါလောက်ပဲ။ အရှေ့ပိုင်းမှာ နာမည်ကြီး နိုင်ငံရေးသမားတွေ အဖမ်းခံရတာလည်း မသိခဲ့ဘူး၊ ပခုက္ကူမြို့မှာ ဘုန်းကြီးတွေကို ရိုက်တယ်၊ ဒါကြောင့် ဘုန်းကြီးတွေ စပြီး ဆန္ဒပြခဲ့တယ် လို့ပဲ သိထားတာ။

ဘာပဲဖြစ်ဖြစ် ရန်ကုန်မှာ ဆန္ဒပြပွဲကြီးတွေ စဖြစ်လာတော့ Myanmar Egress က သင်တန်းက မပိတ်သေးဘူး။ ပထမရက်မှာ သင်တန်း ပေါ်ကနေ လူအုပ်ကြီးကို ကြည့်တယ်၊ ဒုတိယရက်မှာ အောက်ဆင်းပြီး ပလက်ဖောင်းပေါ်ကနေ လူတန်းကြီးဘေး လိုက်လျှောက်နေပြီ။ တတိယရက်လည်း ရောက်ရော ဆူးလေဘုရားနားက လူအုပ်ကြီး ထဲ ရောက်ရော….။ အဲဒီအချိန်မှာ သင်တန်းက ပိတ်လိုက်ပြီ။

ကျွန်တော်တို့ သူငယ်ချင်းများက အလွန်ခင်ကြပြီး သင်တန်း ပိတ်ရင် မတွေ့ရတော့မှာကို အလွန် စိုးရိမ်ခဲ့တာ။ အဲဒီတော့ သင်တန်းပိတ်တဲ့ အချိန်မှာ သူငယ်ချင်းတွေ ချိန်းတွေ့ပြီး ဆန္ဒပြတာတွေကို လိုက်ကြည့်ကြမယ်ဆိုပြီး ပြောဖြစ်ခဲ့တယ်။ အဲဒီအချိန်တုန်းက ဖုန်းဆိုတာကလည်း သိပ်ရှိတာမဟုတ်ဘူး။ အိမ်မှာရှိတဲ့ ကြိုးဖုန်းလေးကိုပဲ အားကိုးရတာ။ လူတိုင်းမှာ ဖုန်းမရှိတော့ ချိန်းချင်ရင် သေချာ ကြိုပြောပြီး အဲဒီအချိန် အဲဒီနေရာကို သွားရတာ။ မတွေ့ရင် လိုက်ရှာရတဲ့ ဒုက္ခက မသေးဘူး။

ဒီ စက်တင်ဘာ ၂၇ ရက် မှာ ချိန်းထားတော့ တခြားဖုန်းဆက်လို့ ရတဲ့ သူငယ်ချင်းကို ဖုန်းဆက်၊ အဝတ်အစားလဲပြီး အပြင်ထွက်ဖို့ ပြင်တယ်။ အိမ်ကို ပြောတာက သူငယ်ချင်းတွေနဲ့ ချိန်းထားတယ်၊ ဆန္ဒပြတာတွေနား မသွားဘူးပေါ့။ ထမင်းစားပြီး ဆူးလေဖက်ကို လမ်းလျှောက်ထွက်ခဲ့တယ်။ ကံကောင်းစွာနဲ့ပဲ ဆူးလေနားမှာ ချိန်းထားတဲ့ သူငယ်ချင်း တချို့နဲ့တွေ့တယ်။ စကားနည်းနည်းပါးပါးပြောပြီးတော့ သံဃာတော်တွေ စုဝေးနေတဲ့ ဆူးလေဘုရားလမ်းနဲ့ အနော်ရထာလမ်းထောင့်ကို သွားကြတယ်။ အဲဒီအချိန်မှာ မြို့တော် ခန်းမဘေး (အခု ၃၆ ဘတ်စ်ကားမှတ်တိုင်တွေ ရှိတဲ့ လမ်းလေး) မှာ အကာအရံတွေ ချထားပြီး စစ်သားတွေကို ချထားတာ တွေ့တယ်။

အဲဒီလမ်းထောင့်ရောက်တော့ သံဃာတော်တွေ လမ်းပေါ်မှာ စုဝေးထိုင်ပြီး မေတ္တာသုတ် ရွတ်ဖို့ ပြင်နေကြပြီ။ သံဃာတော်တွေ စုဝေးနေတာက အနော်ရထာလမ်းမပေါ် ဆူးလေဘုရားဖက် အခြမ်း။ ကျွန်တော်တို့ သွားတာက အနော်ရထာလမ်းဘေး ရုပ်ရှင်ရုံတွေဖက် ပလက်ဖောင်းအပေါ်။ အဲဒီမှာ သူငယ်ချင်း တချို့နဲ့ ထပ်တွေ့တယ်။ မှတ်မှတ်ရရ ကျွန်တော်အပါအဝင် သူငယ်ချင်း ၇ ယောက်။ ရန်ကုန်က သူလည်းပါတယ်၊ နယ်က သူလည်းပါတယ်၊ တိုင်းရင်းသားလူမျိုးလည်း ပေါင်းစုံပဲ။ အကုန်လုံး ပလက်ဖောင်းပေါ်က Transformer ကြီးနားမှာ ရပ်ပြီး သံဃာတော်တွေ မေတ္တာသုတ် ရွတ်တာကို ကြည့်နေကြတယ်။ ရပ်နေတဲ့ နေရာက သံဃာတော်တွေနဲ့ဆို ပေ ၁၀၀ တောင် ကွာတာမဟုတ်ဘူး။ အများဆုံး ရှိလှမှ ပေ ၇၀-၈၀ ပေါ့။ အဲဒီအချိန်မှာ သူငယ်ချင်းတစ်ယောက်က စစ်သားတွေနားမှာ ရပ်ပြီး ဓါတ်ပုံရိုက်နေတဲ့ သတင်းထောက်တစ်ယောက်ကို ပြတယ်။ သေချာတောင် မကြည့်မိပါဘူး၊ နိုင်ငံခြားသားမှန်းလည်း မသိဘူး။ ကိုယ် အာရုံစိုက်နေတာက မေတ္တာသုတ်ရွတ်တာကိုပဲ။

လူတွေကတော့ ပတ်ဝန်းကျင်မှာ အပြည့်ပဲပေါ့။ လမ်းပေါ်မှာရော၊ ပလက်ဖောင်းပေါ်မှာရော၊ ဘေးက တိုက်တွေ၊ တံတားပေါ်မှာတွေရော။ လူကြီး လူငယ်၊ ကျားမ၊ အရွယ်စုံ၊ အရောင်စုံ... အားလုံးကတော့ လမ်းပေါ်ကိုပဲ အာရုံစိုက်နေကြတာ။

ရုတ်တရက် ဖောင်း ဖောင်း ဆိုတဲ့ အသံကြားလိုက်တယ်။ သေချာတောင် ဂရုမထားမိဘူး။ စက္ကန့်ပိုင်းလောက် လူတွေ ငြိမ်သွားပြီး ဝုန်းကနဲ လူတွေ ထပြေးကြတာ။ ကျွန်တော်က ရုတ်တရက် ဘာဖြစ်မှန်းကို မသိတာ။ သေနတ်သံ ဆိုတာလည်း မသိဘူး၊ ဘာကြောင့် လူတွေ ထပြေးတယ်ဆိုတာလည်း ချက်ခြင်း သဘောမပေါက်ဘူး။ မတ်တပ်ကြီး ကြောင်ကြည့်နေတာ။ အဲဒီမှာ လူတစ်ယောက် (ဘယ်သူမှန်း ကြည့်တောင်မကြည့်လိုက်ရဘူး) က ပြေးပြေးဆိုပြီး ကျွန်တော့်ကို ပုတ်သွားတယ်။ အဲဒီကျမှ သတိဝင်လာပြီး ဘေးကို ကြည့်လိုက်တော့ သူငယ်ချင်းတွေ တယောက်မှ မရှိတော့ဘူး။ အလွန် အားကိုးရတာပေါ့ဗျာ။

ပြေးဖို့ သတိဝင်လာတော့ ကိုယ့်နားကဖြတ်ပြေးသွားတဲ့သူတွေ နောက်လိုက်ပြေးတာ။ သူတို့က ကျွန်တော့်ရှေ့ကနေ ဖြတ်ပြီးတော့ ၃၃-၃၄ လမ်း ဖက်ကို ပြေးတာ။ အဲဒီအချိန်မှာ တချို့သူတွေလို ဆူးလေဘုရားလမ်းဖက် ပြေးဖို့ စိတ်ထဲမှာတောင် မပေါ်လာခဲ့ဘူး။

ပြေးပြီး စစချင်းတွေ့တဲ့ ၃၃ လမ်း (အနော်ရထာလမ်းနဲ့ ဗိုလ်ချုပ်လမ်းကြား ဘလောက်) ထဲကို ချိုးဝင်ဖို့ ကြိုးစားတယ်။ အဲဒီအချိန်တုန်းက အဲဒီထောင့်မှာ စားသောက်ဆိုင်တစ်ဆိုင်ရှိတယ်။ ထောင့်ချိုးလေးမှာ ပန်းအိုးကြီးတွေချထားတယ်။ ပြေးနေရင်းနဲ့ ရုတ်တရက် အဲဒီ ပန်းအိုးတွေတွေ့တော့ ကွေ့မရှောင်ဘဲ ခုန်ကျော်ဖို့ ကြိုးစားခဲ့တယ်။ ကျွန်တော် ဘာကြောင့် ခုန်ကျော်ဖို့ လုပ်ခဲ့သလဲဆိုတာ မသိပေမယ့် အဲဒီလို လုပ်ခဲ့တာတော့ တခါတလေ နောက်တရနေသေးတယ်။ ခုန်တဲ့အချိန်မှာ ခြေထောက်နဲ့ ပန်းအိုးဘောင်နဲ့ မလွတ်ဘဲ ရှေ့ကို ဟပ်ထိုး လဲကျတာ။ သွေးပူနေတဲ့ အချိန်ဆိုတော့ လဲကျလို့နာတာလဲ မသိဘူး၊ ချက်ခြင်း ပြန်ထဖို့ ကြိုးစားတယ်။

ကံများ ဆိုးချင်တော့ ကိုယ့်နောက်က ပြေးလိုက်လာတဲ့သူတွေက ကိုယ့်ကို တက်နင်းတော့တာပဲ။ တကယ် အနင်းခံရတဲ့ အချိန်က သိပ်ကြာတာမဟုတ်ဘူး။ အများဆုံး ရှိလှမှ ၈-၉ စက္ကန့်လောက်ပဲ။

အဲဒီလောက်အချိန်လေးမှာ မှောက်ရက်လဲပြီး ခေါင်းကို ခြေထောက်နဲ့ အကန်ခံရတယ်၊ ကျောပေါ်ကို ဘယ်နယောက်မှန်းမသိဘူး တက်နင်းသွားကြတယ်။ ပြန်ထဖို့ ဆက်တိုက်ကြိုးစားတာ... ထဖို့ကြိုးစားလိုက် တက်နင်းလိုက် ပြန်မှောက်သွားလိုက်၊ ပြန်ကြိုးစားလိုက် ခေါင်းကို ခြေထောက်နဲ့ တိုက်သွားလို့ ပြန်မှောက်သွားလိုက်...။ အဲဒီအချိန်တုန်းက စိတ်ထဲမှာ ငါတော့ သေသွားတော့မှာပဲလို့တောင် ဖြစ်ခဲ့တာ။ ဒါပေမယ့် ငါသေလို့မဖြစ်ဘူးဆိုပြီး စိတ်တင်းထားရတာ။

စက္ကန့် နည်းနည်းကြာတော့ ကိုယ့်နောက်က လူတွေအကုန်လုံး ကုန်သွားလို့ထင်တယ်၊ ဘယ်သူမှ ကိုယ့်ကို လာမနင်းတော့ဘူး။ အဲဒီအချိန်မှပဲ သေချာပြန်ထနိုင်တော့မှာ။ သေချာစီးထားတဲ့ ကြိုးသိုင်းဖိနပ်တစ်ဖက်လည်း ဘယ်ရောက်သွားပြီမှန်း မသိတော့ဘူး။

ထထချင်း ဘေးကို ကြည့်လိုက်တော့ တုတ်နဲ့ ဒိုင်းကိုင်ထားတဲ့ ရဲတွေက လမ်းပေါ်မှာ ပြေးတဲ့သူတွေကို လိုက်ရိုက်နေပြီ။ အဲဒါတွေ့တော့ ချက်ခြင်း ပုန်းရမယ့် နေရာကို လိုက်ရှာတယ်။ ကံကောင်းစွာနဲ့ အဲဒီလမ်းထောင့်ဆိုင်က ၃၃ လမ်းထဲမှာ ချထားတဲ့ မီးစက်ကြီးကို တွေ့တယ်။ ခါးလေးကုန်းပြီး အဲဒီ မီးစက်ကြီးနောက်ကို ပြေးသွားပြီး ပုန်းနေလိုက်တယ်။ အကာအကွယ်နောက်ရောက်တော့မှ ဘေးဘီကို ကြည့်လိုက်တော့ အဲဒီမီးစက်ကြီးနောက်မှာ ကိုယ့်လိုပဲ ပုန်းနေတဲ့ ကုလားမလေး ၂ ယောက်။ သူတို့ကို လှမ်းရီပြလိုက်သေးတယ်။ ပြီးတော့ တိတ်တိတ်နေဖို့ လက်နဲ့ လှမ်းပြလိုက်တယ်။

အဲဒီအချိန်မှာ ကျွန်တော်တို့ ရှေ့ကနေ ခွတ်ဒေါင်းအလံကိုင်ထားတဲ့ သူတယောက် အလံကို ကိုင်ပြီး ၃၃ လမ်း တလျှောက် ပြေးသွားတယ်။ သူ့နောက်မှာ ဒိုင်းနဲ့ ရဲတွေရယ်၊ သေနတ်ကိုင်ထားတဲ့ ရဲ ၂ ယောက်ရယ် လိုက်လာတယ်။ ကျွန်တော် ကြည့်နေတုန်းပဲ သေနတ်နဲ့ ရဲတစ်ယောက်က ရှေ့ကို တစ်ချက် လှမ်းပစ်လိုက်တယ်။ ဘယ်သူ့ကို ပစ်လဲဆိုတာ သေချာမသိလိုက်ရဘူး။ ပြီးတော့ အဲဒီရဲတွေ ၃၃ လမ်း တလျှောက် ဆက်လျှောက်သွားကြတယ်။

ရဲတွေ ဖြတ်သွားပြီးလို့ နည်းနည်းကြာမှ မီးစက်ကြီး နောက်ကထွက်ပြီး လမ်းထဲကို ဆက်ဝင်သွားတယ်။ ဘေးဖက်က တိုက်တွေပေါ်တက်တဲ့ လှေကားတွေမှာ လူတွေ အပြည့်ဘဲ၊ အကုန်လုံး တယောက်ကို တယောက်ကြည့်လိုက်၊ လမ်းပေါ်ကြည့်လိုက် လုပ်နေကြတာ။ နည်းနည်းဆက်လျှောက်သွားတော့ သူငယ်ချင်းတစ်ယောက်ကို လှေကားရင်း တစ်ခုမှာ တွေ့တယ်။ သူက တခြားသူတွေ အပေါ်မှာ ရှိတယ်လို့ ပြောတော့ အဲဒီလှေကားနဲ့ အပေါ်တက်သွားပြီး တခြားကျန်တဲ့ သူငယ်ချင်း တချို့ကို ထပ်တွေ့တယ်။ တယောက်နဲ့တယောက် ဘာဖြစ်သလဲ၊ ဘယ်လိုနေသလဲဆိုပြီး အပြန်အလှန်မေးကြတယ်။ ဘယ်သူကမှ ဘာဖြစ်သွားတယ်ဆိုတာ သေသေချာချာ မပြောတတ်ကြဘူး။

အပေါ်မှာ ခဏနေ၊ အခြေအနေကိုကြည့်နေတုန်း ကျွန်တော်တို့ ရောက်နေတဲ့ တိုက်ရဲ့ မျက်စောင်းထိုးမှာ လူတစ်ယောက် လဲကျနေတာကို သတိထားမိတယ်။ ခြေထောက်နားမှာ သွေးတွေအများကြီးနဲ့ လဲနေတာ။ အနားမှာ ခွတ်ဒေါင်းအလံတစ်ခု လဲနေတယ်။ ကျွန်တော် ပုန်းနေတုန်း ရှေ့က ဖြတ်ပြေးသွားတဲ့သူ ဖြစ်မယ်လို့ ထင်တာပဲ။ လူတွေက လမ်းပေါ်ကို ပေါ်ပေါ်ထင်ထင် မထွက်ရဲသေးတော့ ဘယ်သူမှ သူ့ကို သွားမကူကြဘူး။

နည်းနည်းကြာတော့မှ လူတွေ တဖြည်းဖြည်း လမ်းပေါ်ကို ပြန်တက်လာတယ်။ အဲဒီအချိန်မှာ ကျွန်တော်လည်း လှေကားပေါ်က ဆင်းပြီး လမ်းပေါ်ကို ပြန်ရောက်လာတယ်။ လဲနေတဲ့ လူနားမှာ လူတွေ ဝိုင်းကြည့်နေပေမယ့် ဘယ်သူမှ တခုခု ထမလုပ်ကြသေးဘူး။ အဲဒီအချိန်မှာ ကျွန်တော်နဲ့ သိတဲ့ ကျွန်တော့်ဆရာတစ်ယောက်ရဲ့ သမီး (သူက သတင်းထောက်တစ်ယောက်လုပ်နေချိန်) က ပေါ်လာပြီး ဘေးကလူတွေကို အဲဒီလို ရပ်ကြည့်မနေနဲ့လေ၊ ဒီလူကို ဆေးရုံပို့ဖို့ လုပ်ကြရအောင်ဆိုပြီး ပြောတယ်။ သူကပဲ တစ်ယောက်ကို ကားသွားခေါ်ပေးဖို့ ပြောပြီး လဲနေတယ့် သူကို သယ်ဖို့ စောင်တထည် ရှာပေးဖို့လည်း အော်ပြောတယ်။ ဒီအခါမှ လူတွေလည်း ကားရှာတဲ့သူကရှာ၊ စောင်ရှာတဲ့သူကရှာ ဖြစ်ကုန်ရော။

လဲနေတဲ့သူက ပေါင်ရင်းနားမှာ သေနတ်မှန်သွားတာ။ အဲဒါကို ရဲတွေက သိသိကြီးနဲ့ လမ်းပေါ်မှာ ဒီအတိုင်း ထားခဲ့တယ်လို့ တွေ့တဲ့သူများက ပြောတယ်။ ကားရှာတဲ့သူတွေက တက်စီ တစီးကို ရလာတယ်၊ စောင်လည်း ရပြီဆိုတော့ ဒဏ်ရာရနေတဲ့သူကို စောင်ပေါ်တင် လူ ၄ ယောက်က အစွန်းတဖက်စီ ကိုင်ပြီး ကားပေါ်တင်ပေးလိုက်တယ်။ ကျွန်တော်က အဲဒီ ၄ ယောက်ထဲက တယောက်ပေါ့။ သူ့ကို ကားပေါ်တင်ပြီးတော့ သတင်းထောက် အမက တခါတည်း ဆေးရုံပို့ဖို့ လိုက်သွားတယ်။ ကျွန်တော်တို့ ကတော့ ကားထွက်သွားတာကို ရပ်ကြည့်ပြီး ကျန်ခဲ့ကြတယ်။ နောက်နှစ်တော်တော်ကြာမှ အဲဒီ သတင်းထောက် အမနဲ့ ပြန်တွေ့တုန်း သူဆေးရုံပို့လိုက်တဲ့သူ မသေဘဲ နောက်ပိုင်းပြန်ကောင်းလာတယ်လို့ ကြားတော့ ဝမ်းသာခဲ့ရသေးတယ်။ ကိုယ့်ရှေ့မှာ သေလုမျောပါးဖြစ်ပြီး ကိုယ်တိုင် ကားပေါ်တင်ပေးလိုက်တဲ့သူ ဆိုတော့ အဲဒီလို ကြားရတာ ဝမ်းသာတာပေါ့။

ဒီလို ဖြစ်တာတွေ အားလုံးပြီးသွားမှ ကျွန်တော် ပျောက်သွားတဲ့ ဖိနပ်လေးတစ်ဖက်ကို ပြန်သတိရတယ်။ အဲဒီ ဖိနပ်ကို အလွန်ကြိုက်တာဆိုတော့ ပြန်ရှာမယ်ဆိုပြီး လဲကျခဲ့တဲ့ ၃၃ လမ်းနဲ့ အနော်ရထာလမ်းထောင့်ကို ပြန်သွားတယ်။ အဲဒီနားမှာ ပြန့်ကျဲ နေလိုက်တဲ့ ဖိနပ်တွေ အများကြီးပဲ။ ကြည့်ရတာ ကိုယ်လိုပဲ ပြေးကြတဲ့အချိန်မှာ ကျွတ်ကျကျန်ခဲ့တာဖြစ်မယ်။ ကျွန်တော့်ဖိနပ်က အစိမ်းရောင် ကြိုးသိုင်းဖိနပ်ဆိုတော့ သိပ်ကြာကြာမရှာလိုက်ရဘူး၊ ပြန်တွေ့တယ်။ ဖိနပ်ကတော့ ပြဲသွားပြီ။ ဒါနဲ့ပဲ အဲဒီဖိနပ်ကို ရသလို ပြန်စွပ် သူငယ်ချင်းတွေဆီပြန်သွားခဲ့တယ်။ နောက်ပိုင်း အဲဒီ ဖိနပ်ကို သေချာပြန်ချုပ်ပြီး ၂၀၁၃ ခုနှစ်လောက်အထိ ဆက်သုံးခဲ့သေးတယ်။

သူငယ်ချင်းတွေလည်း ဘာမှ သိပ်မပြောနိုင်ကြပါဘူး။ အကုန်လုံး ဒီလိုအဖြစ်အပျက်တွေအပြီးမှာ အိမ်ပြန်ဖို့ပဲ စဉ်းစားကြတော့တယ်။ ဒါနဲ့ အကုန်လုံးကို နှုတ်ဆက်ပြီး အိမ်ကို လမ်းလျှောက်ပြန်လာခဲ့တယ်။ အိမ်ရောက်လို့ ဇာတ်ပေါင်းတော့ ဝတ်သွားတဲ့ အင်္ကျီပြဲသွားတယ်၊ ဖိနပ်တစ်ဖက် ပျက်သွားတယ်၊ ကျောမှာ ကန့်လန့်ဖြတ် ဒဏ်ရာအကြီးကြီး တစ်ခုရတယ် (နှစ်တော်တော်ကြာတဲ့အထိ အမာရွတ်က ထင်ထင်ရှားရှား ကျန်နေခဲ့တာ)၊ တကိုယ်လုံး ပွန်းရာခြစ်ရာတွေ အပြည့်။ အိမ်ကိုတော့ ချောလဲကျခဲ့တယ်လို့ပဲ ပြောခဲ့တာ။ ကံကောင်းတာက ခေါင်းမှာ နည်းနည်းနာနေတာကလွဲရင် ဘာဒဏ်ရာမှ ကြီးကြီးမားမားမရခဲ့ဘူး။

ဒီအဖြစ်အပျက်လေးဟာ နိုင်ငံရေးနဲ့ ပတ်သက်ပြီး ကျွန်တော့်ဘဝမှာ ပထမဆုံး မှတ်မှတ်ထင်ထင် ရှိခဲ့တဲ့ အကြောင်းအရာလေး ဖြစ်လာတယ်။ ဒါ့အပြင်ကို ကျွန်တော့်ကို သင်ခန်းစာတွေအများကြီး ပေးခဲ့တယ်။

ကျွန်တော့်ရဲ့ နိုင်ငံရေးအပေါ် စိတ်ဝင်စားမှုကို ပိုပြီး အားဖြည့်ပေးခဲ့တဲ့ သံမှိုတချောင်း အနေနဲ့လည်း မှတ်ယူလို့ရပါတယ်။

အဲဒီအချိန်တုန်းက ကျွန်တော်နဲ့ အတူတူ ရှိခဲ့၊ ပြေးခဲ့၊ အားပေးခဲ့တဲ့ သူငယ်ချင်းတွေနဲ့ အခု စာရေးတဲ့အချိန်အထိ ရင်းရင်းနှီးနှီး ခင်မင်နေကြဆဲပါပဲ။ ဒီအဖြစ်အပျက်လေးကိုလည်း တခါတရံ ကြုံတဲ့ အချိန်ပြောဖြစ်ခဲ့ပါတယ်။ အဲဒီတုန်းက ကျွန်တော် ဝတ်ခဲ့တဲ့ အကျီနဲ့ ဘောင်းဘီလည်း အခုအထိ ကျွန်တော် ဝတ်နေဆဲပါပဲ။ တချို့အရာတွေ ပြောင်းလဲသွားပေမယ့် တချို့အရာတွေ ကတော့ မပြောင်းလဲဘဲ ရှိနေပါသေးတယ်။